# ရေရောတဲ့ နို့

ကုလား " ဘတီး " နွားနို့ ရောင်းပြီး စီးပွားရှာတာ နှစ်ပေါင်း မနည်းတော့ . .

အတီး ဒီမနက် အစောကြီး ထပြီး နွားခြံထဲ ဝင်လိုက်တော့ . .

" ဟင် "

နွားတင်းကုတ်မှာ နွားတစ်ကောင်မှ မရှိ . . အတီးမျက်လုံးပြူးပြီး အိမ်ရှင်ကို သွားနှိုးကာ . .

" အဲမကြီး (အစ်မကြီး) . . ကုလားညှစ်ဖို့ နို့ မရှိတော့ဘူး "

အတီး လက်ဟန်ခြေဟန်နှင့် ဒေါ်တင်တင်နား သွားပြီး လုပ်ပြတော့ ဒေါ်တင်တင် လန့်ပြီး နောက်တစ်လှမ်းဆုတ်ကာ . .

" ဟဲ့ . . ပါးစပ်ကပဲ ပြော . . လက်မပါနဲ့ "

အတီး . . နွားမရှိတော့ စိတ်ပူပြီး ဒေါ်တင်တင့် ရင်ဘတ်နားသွားပြီး လက်ဟန်ခြေဟန် လုပ်ပြတော့ ဒေါ်တင်တင် ရင်တုန်သွားခြင်း ဖြစ်သည်။ အတီးကတော့ သူ့သောက နှင့် သူမို့ ဘာမှ သတိမထားမိချေ . .

အတီး ဒီနှစ်တော့ အခက်တွေ့ရပြီ . . အတီးက နွားနို့သာ ရောင်းတာ နွားတစ်ကောင်မှ မပိုင်ဘူး။ သူအခု ညှစ်ရောင်းနေတဲ့ နွားတွေကို ပိုင်ရှင်က အခြားရပ်ကွက်က လူကို အကြွေးနဲ့ နှိမ်ရောင်းလိုက်သဖြင့် အတီးတစ်ယောက် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ ဖောက်သည်တွေ ပျက်သွားမှာလည်း အတီး စိုးရိမ်နေသည်။

ပြီးမှ ဒေါ်တင်တင်က ရှင်းပြသည်။ ဟိုဘက်ရပ်ကွက်က ဦးချစ်ကို အကြွေး မပေးနိုင်တဲ့အပြင် အတိုးတွေတက်လာသောကြောင့် မတက်သာလို့ အတိုးရော အရင်းပါ ပေါင်းကာ နွားတွေနဲ့ နှိမ်လိုက်ကြောင်း ပြောတော့ အတီး အသက်ရှူရပ်မတက်။

Skymoe

" အဲမကြီးရယ် . . အဲဒါ ကျွန်တော်ကုလားကို ကြိုလဲ မပြောဘူး . . အခု ကျွန်တော် ကုလား ဘယ် နို့သွားညှစ်ရမှာလဲ "

" လာပြန်ပြီလား ဒီလက် . . "

ဟန်ပြနေသော အတီး လက်ကို ရိုက်ချပြီး

" နင် နို့လိုချင် . . ဒီလောက် ညှစ်ချင်ရင် ဟိုဘက်ရပ်ကွက်က ဦးချစ်အိမ်သွား . . သူလဲ နင့်လို နွားနို့ညှစ် ရောင်းမယ့်သူ လိုချင်နေတယ် မြန်မြန်သွား "

ဘတီး ဒေါ်တင်တင့် စကားအဆုံးမှာ ပြေးထွက်လာပြီး ခြံရှေ့မှာ ရပ်ထားတဲ့ သူ့ရဲ့ စီးတော်ယာဉ်ကို တအားနင်းကာ ဦးချစ်အိမ်သို့ ထွက်လာခဲ့သည်။

ဦးချစ်တစ်ယောက် စောစောထက . . နွားတွေကို ကြည့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ မွေးလည်း မမွေးဘူးတော့ အခက်တွေ့နေသည်။ အကြွေးနဲ့ နွားတွေ သိမ်းလာတဲ့အတွက် သူ့မိန်းမနဲ့ သမီးတွေက သူ့ကို ပိုင်းအပြစ် တင်ကြသည်။ ဦးချစ်က သူ့အတွေးထဲမှာ နွားတွေကို အိမ်မှာ ခဏထား၊ ဈေးကောင်းရရင် ပြန်ရောင်းလိုက်၊ ဒါဆို သူ့ငွေတွေပြန်ရမယ် . . သူ လွယ်လွယ်ပဲ တွေးခဲ့တာ၊ အခုတော့ နွားတွေစားဖို့ မြက်၊ ဘယ်မှာ သွားရိတ်ရမှန်းမသိ . . ကောက်ရိုး ဘယ်မှာ ဝယ်ရမှန်းမသိ . . နွားတွေကို ကြည့်ပြီး စဉ်းစားနေစဉ် . ။

" အဲကိုကြီး(အစ်ကိုကြီး) ဒါ . . ဦးချစ် . . အဲ . . ချစ်တီး ဦးချစ် အိမ်လား "

ဘတီးပြောရင်း သစ်ပင်အောက်တွင် ချည်ထားသော နွားတွေကို တွေ့သွားမှ ပျော်သွားသည်။

" သောက် . . ကုလား ဘယ်သူ့ကို ချစ်တီးလို့ ခေါ်တာလဲ . . "

စောစောစီးစီး နွားတွေကြောင့် စိတ်ညစ်နေတဲ့ ဦးချစ်တစ်ယောက် သူ့ကို ချစ်တီးလို့ ခေါ်သဖြင့် ဒေါကန်သွားသည်။

SkyMoe

" အဲ . . ဟိုလေ . . ကျွန်တော် ကုလား ဦးချစ်ကို ခေါ်တာပါ . . ဒီလိုလေ ဒေါ်တင်တင် အဲမကြီးဆီက အကြွေးနဲ့ နွားတွေ သိမ်းသွားတယ်ဆို . . ဒါကြောင့် ကျွန်တော် ကုလားက . . ချစ်တီး လို့ "

အတီး စကား မဆုံးခင်ဘဲ ဦးချစ်က

" ဒီကုလား စောစောစီးစီး အထိုးခံချင်တယ်နဲ့ တူတယ် ဦးချစ်ဆိုတာ ငါကွ "

ဦးချစ် ပုဆိုးတွေပါ ပြင်ဝတ်တော့ အတီးက လက်အုပ်လေး ချီကာ

" ကျွန်တော်ကုလား အထိုးခံချင်လို့ လာတာ မဟုတ်ရပါဘူး . . အဲကိုရဲ့ ညစ်ဖို့ လာတာပါ "

ဦးချစ် အတီးစကားကြောင့် ပို မျက်လုံးပြူးသွားပြီး အိမ်ပေါ် မော့ကြည့်တော့ သူ့မိန်းမနှင့် သမီး အပျိုသုံးယောက် တံခါးပေါက်မှာ ကြည့်နေသည်ကို မြင်တော့ အတီးကို သေချာ ပြန်ကြည့်တော့ အတီးကလည်း ဦးချစ်ကြည့်ရာ လိုက်ကြည့်ရင်း ဦးချစ် ဘယ်လို အတွေးပေါက်လဲမသိ . . အတီးကို ခါးကြိမ်း ကြိမ်းတော့သည်။ အပေါ်က ရပ်ကြည့်ပြီး နားထောင်နေတဲ့ ဦးချစ်မိန်းမက ဆင်းလာပြီး . .

" နင်နွားနို့ဝယ်ဖို့ လာတာလား "

" ဟုတ်ပါတယ် . . အဲမကြီး . . အတီး ညစ်မယ် . . အတီး ဝယ်မယ် "

အတီး လက်ဟန်နဲ့ လုပ်ပြီးမှ သတိရသွားကာ လက်ကို ပြန်သိမ်းလိုက်သည်။ နောက်မို့ဆို ဦးချစ် ခါးအောက် ရောက်သွားမည်။

" နင် အရင်က ဒီနွားတွေ ညစ်တာ တစ်နေ့ ဘယ်လောက်သား ရလဲ "

" ပုံမှန် မဟုတ်ဘူး အဲမကြီး တစ်ခါတစ်လေ တစ်ပိဿာ တစ်ခါတစ်လေ ကိုးဆယ်သားလောက်ပဲ ရတယ် "

ဦးချစ် မိန်းမ တစ်ချက် စဉ်းစားပြီး

" နင် တစ်ပိဿာ ဘယ်လောက်ပေးလဲ "

" အတီး လူများနဲ့ မတူအောင် ပိုပေးပါ့မယ် တစ်ပိဿာ ခုနစ်ရာပါ "

" ဘာ . . ဈေးထဲမှာ တစ်ပိဿာ ရှစ်ရာ ရတယ် "

" အဲဒါက ဈေးလေ . . ဒီမှာက ကျွန်တော် ကုလား ကိုယ်တိုင် ညှစ်ရမှာ "

" မလိုချင်ဘူး ရှစ်ရာရမှ ရောင်းမယ် . . "

အတီး ခေါင်းကုတ် စဉ်းစားပြီး လက်ကလဲ လက်ချိုးပြီး ပါးစပ်က တတွတ်တွတ်နှင့် တွက်ခါ

" ကျွန်တော် ကုလား မကိုက်ဘူး . . ဒါပေမယ့် ဖောက်သည်တော့ အပျက် မခံဘူး ပေးမယ် . ."

ဟု ဆိုပြီး သူ့စီးတော်ယာဉ်ပေါ်မှ နို့ပုံးကိုယူပြီး နွားနို့သွားညှစ်မယ်အလုပ် ဦးချစ်မိန်းမက

" နင် နွားနို့ကို တစ်ပိဿာကျော် ရအောင် ညှစ်နော် . . "

" ဟင်း "

အတီး စိတ်ညစ်သွားသည်။ သို့သော်လဲ မတတ်နိုင် အတီး နွားတွေကို သေချာ ကြိုးချည်ပြီး ပထမဆုံး နွားတစ်ကောင်ကို စညှစ်နေတုန်း ဦးချစ်သမီး သုံးယောက် သူ့အနား ရောက်လာသည်။ ဘတီးက ဘာလဲလို့ စကားမပြောဘဲ မေးငေါ့ပြတော့

" နွားနို့ညှစ်တာ မမြင်ဘူးလို့ လာကြည့်တာ "

ဘတီးလဲ ယောကျ်ားလေးပဲ အချောကညာ အပျိုချော သုံးယောက်နှင့် နွားနို့ညှစ် ရတော့ အပျော်လွန်လေသည်။ နွားနို့ကို ဝါရင့်သူပီပီ ညှစ်ပြသည်။ ပထမနွား ပြီးတော့ ဒုတိယနွား ပြီးတော့ တတိယနွား . .

" ဟင် "

ဘတီး ကြောင်အန်းအန်း ဖြစ်သွားသည်။ ဒုတိယနွားညှစ်ပြီးလို့ နို့ပုံးကို ကြည့်တော့ တစ်ဝက်တောင် မပြည့်သေးဘူး အခု တတိယနွားညှစ်ယုံ ရှိသေး နွားနို့ပုံးက တစ်ဝက် ကျော်ကျော် ဖြစ်နေပြီ ဘတီး စိတ်ထင်လို့ပဲဟု တွေးပြီး ဆက်ညှစ်ကာ တတိယနွား ပြီးလို့ ချိန်ကြည့်တော့ တစ်ပိဿာ သုံးဆယ် ဘတီး ခေါင်းကုတ်ပြီး ပါးစပ်ကလဲ

" ဒီနွားသုံးကောင် ဒီအိမ်ရောက်မှ နို့ထွက်နှုန်း ကောင်းလာပါလား "

ဘတီး ဒီနေ့ နွားနို့ပို့ နောက်ကျသဖြင့် ဖောက်သည်တွေက ပွစိပွစိနှင့် လက်ဘက်ရည်ဆိုင်က အညာသားက

" ဘတီး နောက်ကျတာ နွားနို့ထဲ ရောဖို့ ရေရှာမရလို့လား . . ရေရောရင်လည်း . . ရေသန့်နဲ့ ရောနော် "

" ကျွန်တော် ကုလား နွားနို့ ရေမရောဘူး "

မှန်သည် . . ဘတီး ဒီနေ့ နွားနို့ ရေမရောခဲ့ . . ဟိုဘက်ရပ်ကွက်က သွားယူရတာမို့ ဒီနေ့ နောက်ကျတာကြောင့် ဂါးရုံပင်အောက်က သောက်ရေအိုးစင်ကို သတိရပင်မယ့် . . အချိန်မရှိတော့ တာကြောင့် မရောဖြစ်ခဲ့ . . ဘတီး ဒီနေ့ နွားနို့ကိုလဲ စိတ်တိုင်းမကျ သူ ဒီနေ့ ရေမရောဘဲ နွားနို့က ဘာလို့ မပျစ်ဘဲ ကျဲနေတာလဲလို့ သူ အိမ်ပြန်လမ်း တစ်လမ်းလုံး တွေးလာခဲ့သည်။

နောက်နေ့ ဘတီး ဦးချစ်အိမ် အစောကြီးရောက်သည်။ အိမ်ရှေ့မှာ ဘတီးရပ်ပြီး အိမ်ထဲသို့ အသံခပ်တိုးတိုးနှင့်

" ဦးချစ် ကျွန်တော် ကုလားရောက်ပြီး နို့ညှစ်တော့မယ် "

ဘတီး ထုံးစံအတိုင်း နွားတွေကို သေချာချည်ကာ ပထမ နွားကို စတင်ညှစ်သည်။ နောက် ဒုတိယနွား ပြီးတော့ တတိယနွား မညှစ်ခင် နို့ပုံးကိုကြည့်သည်။ မနက်စောစောမို့ အလင်းရောင်အား သိပ်မကောင်းသေးသဖြင့် ပုံးထဲ နွားနို့ ဘယ်အထိ ရောက်ပြီကို မသဲမကွဲဘဲ မြင်ရသည်။ တတိယနွား ညှစ်ပြီးတော့ ချိန်ရန်အလုပ်

" နွားနို့ ညှစ်ပြီးပြီလား . . မြန်လိုက်တာ "

ဦးချစ်သမီး နှစ်ယောက် သူ့နား ရောက်လာတော့ ဘတီး သွားတွေ အကုန် ပေါ်လောက်အောင် ရယ်ကာ . .

" ကျွန်တော် ကုလား နို့ညှစ်တာတော့ ပါရင့်နေပြီ "

ထိုသို့ ပြောနေတုန်း ဘတီး နို့ပုံးဘေးက ကပ်ပြီး ဦးချစ်သမီး တစ်ယောက် ရုတ်တရက် ထွက်လာသည်။ သူကပဲ

" ချိန်တော့ . . ချိန်တော့ " ဟု ဆိုသဖြင့် ဘတီး နို့ပုံးကို ချိန်တော့ တစ်ပိဿာနဲ့ နစ်ဆယ့် ငါးကျပ်သား . . ကောင်မလေးတွေရဲ့ သဘောကောင်းမှုကြောင့် တစ်ပိဿာ နစ်ဆယ်ဖိုးပဲ ပေးရသဖြင့် အတီး ပျော်ကာ ထိုအိမ်မှ ထွက်လာခဲ့သည်။ ဂါးရုံပင်နား ရောက်တော့ အလင်းအားကောင်းနေပြီ . . ဘတီး ဟိုဟိုဒီဒီ ကြည့်ပြီး နို့ပုံးကို ဖွင့်ကာ နို့ အပျစ်အကျဲကိုကြည့်ပြီး မျက်မှောင်ကုတ် သွားသည်။

" ဒီနွားတွေ ဒီအိမ်ရောက်မှ အာဟာရ မရှိဘူးလားမသိ ညစ်တဲ့ နို့တိုင်းလိုလို ကျဲနေတာပဲ . . ငါတောင် ရေမရောရသေးဘူး . . အင်း . . နွားတွေ ကောင်းကောင်း အစာ မစားရဘူးနဲ့တူတယ် . . ဒီအတိုင်းဆို ငါလဲ စီးပွားကျနိုင်တယ် . . "

အတီး တွေးပြီး ရေအများကြီး မရောတော့ နစ်လီတာလောက် ရောပြီး နွားနို့ လိုက်ပို့ တော့သည်။ အပြန်လမ်းတွင် အတီး ပိုက်ဆံနှင့် နို့ထွက်နှုန်းကို စစ်ကြည့်တော့ ဒေါ်တင်တင် အိမ်မှာလောက် စီးပွားမဖြစ်တော့ ရေလဲထည့်ရောဖို့ မဖြစ် နွားနို့က ဒီနေ့ဆို ရေသာသာ . . သာ ရှိတော့သည်။ နောက်ဆို ဖောက်သည် ပျက်မှာလည်း စိုးရိမ်သည်။ နောက် ရက်တွေတော့ ရေကို တစ်လီတာလောက်သာ ရောတော့သည်။ ဒီနေ့ ဂပ်ရှော့ ဆရာ ကတော်က နောက်နေ့ကစပြီး နို့ မယူတော့ဘူးတဲ့ . .

" ဘတီး နင် လောဘ မတတ်နဲ့ "

ဘတီးရဲ့ အစ်ကို မိန်းမက ပြောလိုက်ခြင်း ဖြစ်သည်။

ဘတီးပြန်မေးတော့

" နင့် နွားနို့က ရေတွေကြီးပဲ "

" ဟင် "

ဘတီး တော်တော် စဉ်းစားရပြီ . . သူ တစ်လီတာလောက် ရေရောတာ အားလုံး လိုလိုက ပြောကြသည်။ အရင်က သုံးလီတာ၊ လေးလီတာရောတာ ဘယ်သူမှ မသိကြ . . ဘတီးအတွက် ဒီညႉ အိပ်မပျော်သလို စဉ်းစား၍လည်းမရ . . နွားကြောင့်လား . . နွားအစား မမှန်လို့လား . . အစာ ဂအောင် မစားရလို့လား တွေးကာ အိပ်ပျော်သွားသည်။

skymoe

မနက်ရောက်တော့ ထုံးစံအတိုင်း ကောင်မလေး သုံးယောက်နှင့်အတူ နို့ညှစ်ပြီး ချိန်တော့ တစ်ပိဿာနစ်ဆယ် . . ဘတီး ဂါးရုံပင်အောက်တောင် မသွားတော့ဘဲ နို့ တန်းပို့သည်။

လက်ဘက်ရည်ဆိုင်က ဘတီးရဲ့ အညာသားလေးက

" ဘတီးကို ခင်လို့ အားနာလို့ ပြောမယ်နော် . . ဘတီးရဲ့ နွားနို့က အရင်ကနဲ့ ဘာမှ မတူဘူး . . မနေ့ကဆို ရေအတိုင်းပဲ . . ဒီနေ့ နည်းနည်း တော်လို့ . . နောက်မို့ဆို အရာကြီးဆီ ပြောင်းမှာတော့မလို . . သိပ်လောဘမကြီးနဲ့ . . ဘတီး "

ဘတီး ဆိုင်ရှင် အညာသားလေးအား ရိုရိုသေသေ ခေါင်းလေးငုံ့ပြီး တောင်းပန်ကာ အခြားသို့ လိုက်ပို့ပြီး ပြန်လာခဲ့သည်။ ဘတီးတစ်ယောက် ထမင်းတောင် မစားနိုင် ဖြစ်ခဲ့ရသည်။ ဒီနေ့ အိမ်အပြန် ကွမ်းယာဆိုင်က ဘာဘူကလဲ ပြောလိုက်သေးသည်။ အရာကြီးက ဖောက်သည်တွေ ထပ်တိုးလာလို့တဲ့ . . အဲဒီ ဖောက်သည်တွေက ဘတီး လူတွေသာ ဖြစ်သည်။ ဘတီး ကောင်းကောင်း သိသည် . . သူ့ဖောက်သည်တွေ ဘတီးကို ညိုငြင်သွားတာ . . ဒါကြောင့် အရာကြီးဆီ သူ့ဖောက်သည်တွေ ရောက်သွားတာ။

ဘတီး အားတော့မလျော့ . . လျော့လို့လဲ မဖြစ် သူ့အခု အသက်သုံးဆယ်ကျော်ရှိပြီ ဒီနွားနို့ပို့တဲ့ အလုပ်၊ နွားနို့ညှစ်တဲ့အလုပ်ပဲ လုပ်လာတာ . . အခုမှ သူ တခြားအလုပ် ပြောင်းဖို့မဖြစ် . . ဒီလိုနဲ့ ဘတီး နွားနို့ပို့ရင်း တစ်လလောက်အကြာ...

ရောင်စုံလှပတဲ့ ကောင်းကင်ပြင်ကြီးတစ်ခုလုံး တိမ်ဆိုင်အစုံနှင့် လှချင်တိုင်းလှနေပြီး နေဝင်ရီတရောအချိန် ရပ်ကွက်တစ်ခုမှာ စီးတော်ယာဥ်ကို တွန်းပြီး အတွေးနယ်ချဲ့လာခဲ့သည်။ ဘတီး တစ်လမ်းလုံး တွေးလာသည်မှာ အဘယ်ကြောင့် နွားနို့ကျဲရသနည်း . . နွားနို့ ညှစ်လဲသူ၊ ချိန်လဲသူ၊ ရေရောဖို့ကြည့်တော့ နို့က ကျဲနေပြီ . . သူ စဥ်းစားနေခိုက် . .

" အောင်မလေး သူဌေးရယ် . . ခေါ်မကြား . . အော်မကြားနဲ့ . . ဘာတွေများ ဒီလောက် တွေးလာသလဲ . . ဘာလဲ နို့ဖိုး အကြွေးရမယ့်သူတွေ တွက်နေတာလား . . ဒါမှ မဟုတ် ဘာလဲ မိန်းမ ယူတော့မလို့လား "

ဘတီး စိတ်ညစ်ညစ်နဲ့ ရီဝေစွာ ဒေါ်တင်တင်ကို ကြည့်ပြီး . .

" ဘာတွေ လာပြောနေတာလဲ . . အဲမကြီးရယ် . . ကျွန်တော် ကုလား စီးပွားကျနေလို့ . . အဲမကြီး နွားတွေက ဟိုဘက်ရပ်ကွက်နဲ့ အကျိုးပေးတယ်နဲ့ တူတယ် . . နို့ထွက်ကောင်းမှကောင်း . . နေ့တိုင်း တစ်ပိဿာကျော်တယ် . . တစ်ခါတစ်လေများ တစ်ပိဿာငါးဆယ်လောက် ရတယ် . . "

" ဟင် . . ဟုတ်လား "

လောဘတက်သွားတဲ့ အံ့ဩခြင်းမျိုးနှင့် ပြီးမှ နောင်တအသံနှင့်

" ဟုတ်လို့လား . . ဘတီးရယ် "

" ဟုတ်လို့ ကျွန်တော် ကုလား စိတ်ညစ်နေတာပေါ့ . . "

" နို့ပို ရတာ နင်က ဘာလို့ စိတ်ညစ် ရတာလဲ . . "

ဒေါ်တင်တင် အမြင်ကပ်ကပ်နဲ့ မေးတဲ့အမေးကို ဘတီးက ပြောချင်ဇောနဲ့

" အဲမကြီး နို့က ကျဲသွားပြီ "

" ဘာ "

" ဟို . . ဟို . . အဲမကြီး နွားနို့ကို ပြောတာပါ . . ဟို . . အဲမကြီးရဲ့ နွားက ဟိုဘက်ရပ်ကွက်မှာ အစားအသောက် မကောင်းလို့လား၊ အာဟာရပဲ ချို့တဲ့လို့လား မသိဘူး . . နို့ထွက်ကောင်းပြီး နွားနို့က ကျဲတောက်နေတယ် "

" ဟုတ်လို့လားဟယ် . . ငါ အစားအသောက် မကောင်းလို့ နို့ကျဲတယ် မကြားဘူးပါဘူး "

" ဗျာ . . "

ဒေါ်တင်တင် သူ့စကား မှားသွားမှန်း သိတော့

" ဟဲ့ . . ငါက နွားနို့ကို ပြောတာ . . မဖြစ်နိုင်ဘူး "

" ဘုရားဆူး၊ မိုးကြိုးထိ . . တကယ်ပါ . . အဲမကြီးရယ် "

ဒေါ်တင်တင် ဘတီး စကားကို ရယ်၍ နားထောင်ပြီးမှ

" ဟဲ့ . . ဘတီး . . အလာဆူး လုပ်ပါ "

" အလာဆူးမှ မရှိတာ . . အဲမကြီးတို့ ဗမာတွေ ကျိန်ပြောနေတာ ကြားဘူးနား၊ဂ ဖြစ်နေလို့ ပြောတာပါ . . တကယ် "

ဘတီးက မွတ်စလင်၊ သူကျိန်ကျိန်ပြောတတ်သည်။ သူကျိန်ရင် ဘုရားဆူးတဲ့ . .

ဘတီးသည် ဒေါ်တင်တင်အား သူ့ရဲ့ဖောက်သည်တွေ အရာကြီးဆီ ရောက်သွားတာရော၊ ဘေးဘီကြည့်ပြီးမှ ဆက်၍ ဂါးရုံပင်အောက်က ရေအိုးစင်ဆီ မရောက်တာ ကြာပြီဖြစ်ကြောင်း . . မငိုယုံတမယ် ပြောတော့ . . ဒေါ်တင်တင် စဉ်းစားလို့ ရသွားသည်။

" ဘတီး နင် ခံနေရပြီ . . နင် နွားနို့ကို ကိုယ်တိုင်ညှစ်၊ ကိုယ်တိုင်ချိန်တယ် ဆိုတော့ နင် နွားနို့ညှစ်တဲ့အချိန် . . နင် နွားနို့ ချိန်တဲ့အချိန် နင့် . . "

စကားထပ် မဆက်ခင် ရပ်ကွက်ထဲက အရုံမီးသတ်က

" ဒေါ်တင်တင် ခင်ဗျားသား ရန်ဖြစ်လို့ ရပ်ကွက်ရုံးရောက်နေတယ် "

ဒေါ်တင်တင် ဘတီးကိုပင် နှုတ်မဆက်အားဘဲ သူ့ခန္ဓာကိုယ်ကြီးနဲ့ မပြေးရုံတမယ် ရပ်ကွက်ရုံးဘက်သို့ ထွက်သွားသည်။ ဘတီးတစ်ယောက် စိတ်ညစ်ညစ်နဲ့ အိမ်သို့သာ ပြန်လာခဲ့သည်။

နောက်နေ့မနက်

" ကိုဘတီး . . မျက်နှာလဲ မကောင်းပါလား "

ဦးချစ်သမီး အလတ်မ ချိုချိုက စကားစသည်။

" နွားနို့ ရောင်းရတာ ကျွန်တော်ကုလား အဆင်မပြေဘူး "

ချိုချိုရော ကျန်ညီမ နှစ်ယောက်ပါ ဘတီးကို သနားဟန်နှင့် ဒါကို သိတဲ့ ဘတီးကလဲ . . ငိုချင်ရက် လက်တို့ . .

" အခု ကျွန်တော် ကုလားရဲ့ ဖောက်သည်တွေလဲ အရာကြီးဆီ ရောက်ကုန်ပြီ . . ကျွန်တော်ကုလား နို့က ကျဲတယ်တဲ့ . . ဟင်း . . "

ထိုနေ့ ဘတီးရဲ့ သရုပ်ဆောင်ကောင်းမှုကြောင့် ဘတီးကို အချိန်လျှော့ပေးတဲ့ အပြင် နို့နည်းနည်း ပျစ်ပျစ်ပါ ရသွားသည်။ ထို့နေ့ အညာသားက

“ ဟ . . ဘတီး ဒီနေ့ နို့ထဲ ရေရောဖို့ မေ့လာ တာလား . . နို့က ပျစ်ခဲနေတာပဲ . .”

အညာသား အပြောကြောင့် ဘတီး ဒီနေ့ နွားနို့ကိုတောင် သေချာမကြည့်ခဲ့မိသဖြင့် ကြည့်လိုက်တော့ ဘတီး မျက်နှာ ဂန်းသွားသည်။

နောက်ရက်တွေလဲ ဘတီးကို သနားသဖြင့် ဟို ညီအစ်မတွေ ညှာကြသည်။ နှစ်ရက် သုံးရက်လောက် ဘတီး အချိန်နည်းနည်းနှင့် နို့ပျစ်ပျစ်ကို ရခဲ့သည်။ နောက်ရက်ကြတော့ ဘတီး နို့ညှစ်နေတုန်း ဦးချစ်မိန်းမ သူ့သမီးအကြီးနှင့် ရောက်လာသည်။

ဘတီး တတိယ နွားကို ညှစ်ပြီး နို့ပုံးကို လက်ကမကက စိတ်မှန်းနှင့် ချိန်ကြည့်ပြီး၊ နို့ပုံးကို ဘေးချပြီး တတိယ နွားကို ကြိုးပြောင်းချည်ပေးကာ ပြန်အမ နို့ပုံးက သိသိသာသာ ဆိုသလို လေးသွားသည်။ ဘတီးရဲ့ အရောင်းအဝယ် အယူအရ ကိုယ်ရောင်းမယ့်ပစ္စည်းကို လေးတယ်၊ ပေါ့တယ် မပြောရဟု အယူထားသည့်အတွက် ဘာမှ မပြောဘဲ ချိန်လိုက်တော့ တစ်ပိဿာ ငါးဆယ်တဲ့။

ဘတီး သက်ပြင်းတိုးတိုး ချပြီး နွားနို့လိုက်ပို့သည်အထိ နွားနို့က မကုန် ဒါကြောင့် ဈေးထိပ်သွားကာ နို့ရောင်းရတဲ့ အဆင့်ပါ ရောက်သွားသည်။ နို့ရောင်းရင်း ဘတီး အလကား မနေ အချိန်ပိုင်းအတွင်း ဘာကြောင့် အလေးချိန်တိုးရသလဲသာ . . ဘတီး စဉ်းစား နေမိသည်။ ထိုအချိန် ဈေးထဲသို့ ဒေါ်တင်တင် ရောက်လာသည်။

ဒေါ်တင်တင်က ဘတီးရဲ့ အားနည်းချက်ကို ပြောသည်။ ဘတီး နို့ညှစ်ရင်း အိပ်ငိုက်တာ မကောင်းကြောင်းနှင့် ဟိုသားအမိက ဘတီးအလစ်ကို နို့ပုံးထဲ ရေရော နိုင်ကြောင်း ပြောတော့ . . ဘတီး ဒေါ်တင်တင့် စကားကို မှင်သေသေနှင့် နားထောင် နေလိုက်သည်။ ဒေါ်တင်တင် ပြန်သွားမှ ဘတီး စဉ်းစားရင်း မနက်ဖြန်အတွက် သေချာ ပြင်ဆင်ရမည်ဟု တွေးနေခဲ့သည်။

ဒီနေ့တော့ ဘတီး ရွှင်ရွှင်လန်းလန်း ဦးချစ်အိမ်သို့ နို့ညှစ်ရန် ထွက်လာခဲ့သည်။ ဦးချစ်တို့ လမ်းထိပ်ရောက်တော့ ဦးချစ် အိမ်ဘေးက ကိုမြတ်သူ . . သူ့ မုန့်ဟင်းခါးဆိုင် ဖွင့်ဖို့ မီးမွှေးရင်း ခေါ်သဖြင့် ဘတီး ကိုမြတ်သူနား သွားပြီး . . ဘာကိစ္စလဲလို့ မေးတော့ . .

skymoe

" မင်းနွားတွေ မနေ့ညက ကားကြီးနဲ့ လာတင်သွားပြီ "

" ဘာဖြစ်လို့လဲ "

" ဦးချစ် ဈေးကောင်းရလို့ ရောင်းလိုက်ပြီ . . မင်းလဲ ဂဠ်ကျွတ်သွားတာပေါ့ . . "

ဘတီး မြတ်သူ့စကားကို နားမလည်ပါ . . သူ နို့မရတော့သဖြင့် ခေါင်းထဲမှာ ထူပူနေတုန်း မြတ်သူက မနားတမ်း ပြောနေသည်။ ဦးချစ်မိန်းမနှင့် သူ့သမီးသုံးယောက် ပေါင်းပြီး နွားနို့ထဲ ရေရောတာ၊ ဘတီးနို့ညှစ်ရင်း အိပ်ငိုက်သွားသည့်အချိန် သာသာလေး နို့ပုံးထဲကို ရေပိုက်ထည့်ပြီး တခြားတစ်ယောက်က ရေတံခေါင်းဖွင့်လိုက်၊ တစ်နေ့တစ်မျိုး မရိုးရအောင် နည်းမျိုးစုံနှင့် ရေရောကြကြောင်းကို မြတ်သူရှင်းပြတော့ ဘတီး ခေါင်းတငြိမ့်ငြိမ့်နှင့် နားထောင်ပြီး လှည့်ပြန်လာခဲ့သည်။

ဘတီး ထိုနေ့မှစ ၍ နွားနို့ မရောင်းတော့ပါ။ ရှိသမျှ ပိုက်ဆံဆုပြီး နွားမပေါက်လေး ဂယ်မွေးထားသည်ဟု အိမ်မက်မက်သည်။ အိမ်မက်ထဲကအတိုင်း . . ဘတီး နွားမပေါက်လေး ဂယ်မွေးပြီး ရေမရောတဲ့ နွားနို့ရဖို့ ကြိုးစားလျှက်ရှိသည်။

နေနိုင်

17.10.2009

skymoe